# ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့၌ အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးအား အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်-

- Project level reporting နှင့်ပတ်သက်၍ ဆွေးနွေးရန်
- Quasi-fiscal expenditure (QFE) Study နှင့် Systematic Disclosure Feasibility Study တို့အတွက် Consultant ငှားရမ်းရန် ရွေးချယ်ရေးလုပ်ငန်းစဉ်များအား ဆွေးနွေးရန်
- (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် MEITI အစီရင်ခံစာပြုစုရန် လုပ်ငန်းလမ်းညွှန် (IA ToR) အား ဆွေးနွေးရန်

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် (၃) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၂) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၃) ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ (၅) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများမှ (၃) ဦး၊ MOBD မှ (၂) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၁၂) ဦး စသဖြင့် စုစုပေါင်း (၃၀) ဦး (ကျား -၁၈ ဦး၊ မ -၁၂ ဦး) တက်ရောက်ခဲ့သည်။ တက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၃။ Project level reporting နှင့်ပတ်သက်၍ ဆွေးနွေးခြင်း

စီမံကိန်းမန်နေဂျာက စတင်ဆွေးရာ၌ ပြီးခဲ့သည့် ၅-၈-၂၀၂၀ ရက်နေ့ နည်းပညာနှင့် အစီရင်ခံစာအစည်းအဝေးတွင် Project Level Reporting နှင့်ပတ်သက်၍ မိတ်ဆက်အနေဖြင့် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ Project Level Reporting သည် validation လုပ်ငန်းအတွက် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ MSG သည် ရည်ရွယ်ချက်များ သတ်မှတ်ပေးခြင်း၊ အဓိပ္ပာယ်များကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁) တွင် နောက်ဆုံးထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

Intl secretariat ၏ လမ်းညွှန်ချက်တွင်၍ အဆင့် (၁) အနက်အဓိပ္ပာယ်၊ အဆင့် (၂) Revenue stream များ သတ်မှတ်ခြင်း၊ အဆင့် (၃) မည်ကဲ့သို့ အစီရင်ခံရမည် နှင့် အဆင့် (၄) Template သတ်မှတ်၍ ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း၊ Project definition များ၊ အနက်အဓိပ္ပာယ်များကို အခြား နိုင်ငံများ နည်းတူ သတ်မှတ်ပြီး လက်ရှိ နည်းဥပဒေ၊ ဥပဒေများ၊ စာချုပ်များ၌ Legal instrument များအား ရှိ၊ မရှိ

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

စဉ်းစားရမည်ဖြစ်ကြောင်း၊ သဘောတူညီချက်များ ရှိ၊ မရှိ နှင့် သက်ဆိုင်ရာဥပဒေများကို မှတ်တမ်းတင်ခြင်း ပြုရမည်ဖြစ်ကြောင်း၊

မည်ကဲ့သို့သောဥပဒေပြဋ္ဌာန်းချက်တွေရှိသနည်း၊ အမျိုးသားအဆင့် ဥပဒေတွေ၊ စနစ်တွေနဲ့ တစ်သမတ်တည်းဖြစ်၊ မဖြစ် နှင့် မည်ကဲ့သို့ ချိတ်ဆက်နေသည်ကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ - စာချုပ်၊ လိုင်စင်၊ စသည့်ပုံစံများနှင့်လည်း ရှိနိုင်ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ Legal instrument များ မတူနိုင်ကြောင်း၊ MSG များက စာရင်းပြုစုပြီး List လုပ်ပေးရမည်ဖြစ်ကြောင်း၊

အာမေးနီးယားနိုင်ငံ၌ သတ္တုထုတ်လုပ်သည့်ပါမစ်နှင့် စာချုပ်ဆိုပြီးရှိထားကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံ၌ လိုင်စင်၊ ရှယ်ယာသဘောတူညီမှုဟူ၍ ရှိထားကြောင်း၊ ပါပူအာနယူးဂီနီ၌ Tenement ဆိုပြီး ရှိကြောင်း၊

MSG တွင် ဆွေးနွေးပြီးပါက အစည်းအဝေးမှတ်တမ်းတွင် ထည့်သွင်းမည်ဖြစ်ကြောင်း၊ MSG တွေကလည်း aware ဖြစ်နေအောင်လုပ်ခြင်းဖြစ်ကြောင်း၊ EITI နိုင်ငံ (၅၄) နိုင်ငံရှိသော်လည်း Project Level Reporting အား ဖွင့်ဆိုနိုင်သည့်နိုင်ငံ (၉) နိုင်ငံသည် အယ်ဘာနီးယား၊ အာမန်နီးယား၊ ဂျာမနီ၊ မွန်ဂိုလီးယား၊ ထရိနီဒါ၊ ယူကရိန်း၊ ယူကေ ၊ ဇမ်ဘီးယား၊ ဆီရာလီနိုင်ငံ စသဖြင့် ပါဝင်ကြောင်း၊ ဆီရာလီနိုင်ငံက ဥပဒေထဲတွင်ပါဝင်နေကြောင်း၊

ထရီနီဒက်နှင့်တိုဘာဂိုတို့တွင် ၂၀၁၅-၁၆ အစီရင်ခံစာထဲတွင် ပါဝင်ဖော်ပြထားကြောင်း၊ ၂၀၁၇-၂၀၁၈ အစရိုင်ခံစာတွင်လည်းဖော်ပြကြောင်း၊ EI Revenue act 2018 တွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသလို ဖော်ပြထားကြောင်း၊ စာချုပ်၊ သဘောတူညီချက်၊ လိုင်စင်၊ ငှားခ၊ ပါမစ် စသည့် သတ်မှတ်၍ ဆောင်ရွက်ကြကြောင်း၊ ဇန်ဘီယား နိုင်ငံ၌ ၁၁ ကြိမ် အစီရင်ခံစာတွင် စာမျက်နှာ (၈၁) တွင်ဖော်ပြထားကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၌လည်း မည်ကဲ့သို့ Legal instrument တွေရှိပြီး အမျိုးအစား ဘယ်နှစ်ခုရှိသည်ကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ တွင်းထွက်ကဏ္ဍ အမျိုးသားအဆင့် ဥပဒေ၊ စနစ်တွေရှိနေပြီလား စသည်ဖြင့် ဆွေးနွေးရန် တိုက်တွန်းကြောင်း စီမံကိန်းမန်နေဂျာကတင်ပြခဲ့သည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အရ Revenue stream တွေရှိပြီး မည်သည့်အမျိုးအစားများ ထည့်သင့်လဲ ဆိုသည်ကို နည်းပညာညှိနှိုင်းရေးတာဝန်ခံက ဆက်လက်တင်ပြရာ၌ စုစုပေါင်း Revenue stream ၄၉ ခု ရှိကြောင်း၊ MGE မှ ၈ ခု၊ ME 1 နှင့် 2 အတွက် ၄ ခု၊ IRD အတွက် ၈ ခု၊ သစ်တောဦးစီးဌာနအတွက် (၁) ခု၊ ကုန်သွယ်ရေးဦးစီးဌာနအတွက် (၁) ခု၊ သတ္တုတွင်းဦးစီးဌာနအတွက် (၄) ခု၊ DGSE အတွက် (၁) ခု၊ အကောက်ခွန်ဦးစီးဌာန အတွက် (၆) ခု၊ Physical regime သည် နှစ်အလိုက် အနည်းအများရှိကြောင်း၊ Project level ဆိုပါက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်အတွက် Project Level Reporting Definition သတ်မှတ်ရန် လာမည့် အစည်းအဝေးတစ်ခုသတ်မှတ်ရမည်ဖြစ်ကြောင်း၊

မြန်မာနိုင်ငံတွင် ကုမ္ပဏီတစ်ခုအနေနဲ့ စီးပွားရေးလုပ်ငန်းအပေါ်မူတည်ပြီး ISIC ကိုအခြေခံသည့် Revenue ၈၇ ခုရှိကြောင်း၊ ကုမ္ပဏီအလိုက် သို့မဟုတ် Project အလိုက် ဆောင်ရွက်ရန် အဆင်ပြေ၊ မပြေ နှင့် SOE သို့မဟုတ် အစိုးရဌာနများအနေဖြင့် စီမံကိန်း၊ လိုင်စင်၊ ပါမစ် ဆောင်ရွက်ရန် အဆင်ပြေ၊ မပြေ နှင့် IRD တို့ MCD တို့အနေဖြင့် စီမံကိန်းအလိုက် Reporting လုပ်၍ အဆင်ပြေ၊ မပြေ စသဖြင့် ဆွေးနွေးပေးရန် တင်ပြခဲ့သည်။

လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း စီမံကိန်းအလိုက်အနေဖြင့် ကုမ္ပဏီတွေအနေနဲ့ အစိုးရကို report ပြုလုပ်ပေးကြောင်း၊ Tax အနေနဲ့ကတော့ Project level အစီရင်ခံ၍ မရကြောင်း၊ အမြတ်ကို ခွဲဝေပြီးမှ ပေးရခြင်း ဖြစ်သည့်အတွက်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လာမည့် အစီရင်ခံစာမှာပါ၊ မပါနှင့် IA ToR တွင်လည်း မပါက ထည့်သင့်ကြောင်း ဆွေးနွေးခဲ့ပြီး နည်းပညာညှိနှိုင်းရေးတာဝန်ခံကလည်း Definition Approved ဖြစ်ပါက ထည့်ပေးလို့ရမည်ဖြစ်ကြောင်း၊ စီမံကိန်းမန်နေဂျာကလည်း MSG က ဆွေးနွေးပြီး Template ထဲတွင် တစ်ခါတည်းပါသွားမှသာ ထည့်လို့ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

## ၄။ Project Level Reporting Work Plan အား တင်ပြခြင်း

စီမံကိန်းမန်နေဂျာကတင်ပြရာ၌ Project Level Reporting Work Plan တွင် Step ၄ ခုရှိကြောင်း၊ အမှတ်စဉ်အနေဖြင့် ၁၁ ခုရှိကြောင်း၊ ပထမအဆင့်အနေဖြင့် နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲ ကော်မတီတွင်ဆွေးနွေးခြင်းအား ဆောင် ရွက်ပြီး လာမည့် ဩဂုတ်လအတွင်း ရည်ရွယ်ချက်များနှင့် အဓိပ္ပာယ်သတ်မှတ်မှုများအား ဆွေးနွေး ကြမည်ဖြစ်ကြောင်း၊ ထို့နောက် MSG ကိုတင်ပြခြင်းနှင့် MSG ၏ မှတ်ချက်များပြန်တောင်း ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း၊ စက်တင်ဘာလအတွင်း MSG မှ အတည်ပြုမှု ရမည်ဟု မျှော်မှန်းထားပြီး MSG minutes တွင်လည်း မှတ်တမ်းထားမည်ဖြစ်ကြောင်း၊ အဆင့် (၂) အနေဖြင့် Revenue stream သတ်မှတ်ရန်ဖြစ်ပြီး အနီးစပ်ဆုံး ဘဏ္ဍာနှစ်ကို အခြေခံ၍ သတ်မှတ်မည်ဖြစ်ကြောင်း၊ အောက်တိုဘာလအတွင်း နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေး နှင့် MSG တွင် ဆွေးနွေးမည်ဖြစ် ကြောင်း၊ ထို့နောက်အဆင့် (၃) တွင် မည်သူတွေက အစီရင်ခံမည်လဲ ဆိုသည်ကို ဆွေးနွေးမည်ဖြစ် ကြောင်း၊ အဆိုပါအဆင့်အား အောက်တိုဘာလတွင် လျာထားကြောင်း၊ ထို့နောက် အဆင့် (၄) Reporting framework သဘောတူရန်ဖြစ်ကြောင်း၊ အဆိုပါအဆင့်အား လာမည့် နိုဝင်ဘာလတွင် လျာထားကြောင်း၊

(၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက်တွင် ပါဝင်ရန်အတွက် template တွင်လည်း ထည့်သွင်းရန်လိုအပ်ကြောင်း၊ အချိန်အားဖြင့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများပြီးမှ ပြီးစီးနိုင်

မည်ဖြစ်ကြောင်း၊ ရေးဆွဲထားသည့် Work Plan အပေါ် မှတ်ချက်ပေး၍ရကြောင်း၊ ပြန်လည်းရှယ်လည်းရကြောင်း စသဖြင့် စီမံကိန်းမန်နေဂျာက ရှင်းလင်းဆွေးနွေးခဲ့သည်။

IRD အနေဖြင့် Income Tax အနေဖြင့် ၃ လပတ်သွင်းရကြောင်း Advance မလုပ်ဘဲ annual သွင်းရကြောင်း၊ Commercial Tax သည် Project အပေါ်မှာအခြေမခံဘဲ ကောက်ခံရရှိမှုအပေါ်ဘဲ အခြေခံကြောင်း၊ LTO, MTO တို့ကကောက်ခံကြောင်း၊ Project အပေါ်မှာ စည်းကြပ်ခြင်းမဟုတ်ကြောင်း စသဖြင့် ဌာနတာဝန်ရှိသူက ဆွေးနွေးခဲ့သည်။

ထို့နောက် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအား ဩဂုတ်လ (၂၆) ရက်နေ့၊ နံနက် ၁၀း၀၀ နာရီတွင် ပြန်လည်ကျင်းပရန် ဆွေးနွေးခဲ့သည်။

ကျောက်မျက်ကဏ္ဍအစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ကုမ္ပဏီပေါင်း ၂၀၀၀ ကျော်ရှိသဖြင့် ပုံစံလေးဖြင့် သေချာလုပ်မှ အဆင်ပြေမည်ဖြစ်ကြောင်း၊ Reporting template တွင် သေချာပြထားမှ အဆင်ပြေမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ဝန်ထုပ်ဝန်ပိုးဖြစ်သွားနိုင်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

နည်းပညာညှိနှိုင်းရေးတာဝန်ခံက မည်သည့်ကုမ္ပဏီသည် မည်သည့်အောက်တွင်ပါသည်ဆို သည့် ပုံစံ၊ အဓိပ္ပာယ်နှင့်ခွဲခြားပြီး ဆောင်ရွက်မည်ဖြစ်သည့်အတွက် ယခုရှိသည့်အရေအတွက်ကဲ့သို့ များမည် မဟုတ်ကြောင်း၊ unilateral မဟုတ်တဲ့အတွက် ဒီလောက်များမှာမဟုတ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း မည်သည့်အချိန်တွင် IA ToR ကို အဆုံးသတ်အတည်ပြုမည် နှင့် Timeline မှာ ဒီဇင်ဘာနောက်ဆုံးဟုလည်း တွေ့ထားရကြောင်း စသဖြင့် မေးမြန်းမှုအပေါ် ToR အား နိုဝင်ဘာလနောက်ဆုံးလျာထားကြောင်း၊ ဘတ်ဂျက်လည်း ရရန်လိုအပ်ကြောင်း စသဖြင့် နည်းပညာညှိနှိုင်းရေးတာဝန်ခံက ဆွေးနွေးခဲ့သည်။

နည်းပညာကျွမ်းကျင်သူကလည်း (၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက်အတွက် ဘတ်ဂျက်ကိစ္စအား (၂၈) ကြိမ် MSG တွင် တင်ပြခဲ့ကြောင်း၊ သို့သော် ဘတ်ဂျက်ကိစ္စမပြတ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ToR ကို ပြင်ထားခဲ့ကြောင်း၊ Approve လုပ်ရန်နှင့် ဘတ်ဂျက်ရဖို့ကိစ္စတွေကျန်ပါသေးကြောင်း စသဖြင့် တင်ပြခဲ့သည်။

ToR နှင့်ပတ်သက်၍ MPE အနေဖြင့် ဘာမှသီးခြားဆွေးနွေးစရာမရှိကြောင်း၊ ME1 နှင့် OGPD တို့ကလည်း အဆင်ပြေပါကြောင်းနှင့် အစည်းအဝေးလုပ်မဲ့ရက်လည်း အဆင်ပြေကြောင်း စသဖြင့်

## ၅။ Quasi-fiscal expenditure (QFE) Study နှင့် ပတ်သက်၍ ဆွေးနွေးခြင်း

စီမံကိန်းမန်နေဂျာက တင်ပြရာ၌ QFE နှင့်ပတ်သက်၍ USAID-TIGA/Nathan Associates က ပံ့ပိုးပေးကြောင်း၊ လျှောက်ထားသည့် Applicant များတွင် ၂ ခုရှိပြီး (၁) ခုသည့် Individual ဖြစ်ပြီး ကျန်တစ်ခုသည် အဖွဲ့ဖြစ်ကြောင်း၊ လျှောက်ထားသူတစ်ဦးဖြစ်သည့် Aung Saw Tun သည် consultant, finance manager, finance related experience များ အဆင့်ဆင့်ရှိထားကြောင်း၊ UEHRD committee – finance manager ကဲ့သို့ တာဝန်များဆောင်ရွက်ထားသည်ကို တွေ့ရကြောင်း၊ အဖွဲ့ဖြစ်သည့် Myo & Myo (Law firm), GovRisk, Engaged and Michael Barron သည် Papua, Nigeria, Gahna, Trinidad, Myanmar, China တို့မှာ အတွေ့အကြုံတွေ့ရှိကြောင်း၊ ရွေးချယ်မှုအား ပုံမှန်အတိုင်းဆိုပါက Selection committee က ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အကြံပြုလိုသည်များ ရှိပါက အကြံပြုနိုင်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

USAID-TIGA/Nathan Associates ၏ procurement policy အရ individual ဆိုရင် မိမိတို့မပါဘဲအဆင်ပြေကြောင်း၊ Firm ဆိုပါက မိမိတို့အဖွဲ့ပါပြီးမှ ရွေးရပါကြောင်းလည်း တင်ပြခဲ့သည်။

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Firm ကို ရွေးမည်ဆိုပါက မည်မျှကြာနိုင်သည်ကို သိလိုကြောင်း မေးမြန်းရာတွင် Selection ဘက်က ရွေးပြီးပါက ၂ ပတ်ခန့် မိမိတို့အဖွဲ့က အချိန်ယူပြီး စာချုပ်ချုပ်ရန် ပြင်ဆင်နိုင်ကြောင်း USAID-TIGA/Nathan Associates မှ တာဝန်ရှိသူက ဆွေးနွေးခဲ့ သည်။

စီမံကိန်းမန်နေဂျာကလည်း ယခုအခြေအနေများကို Selection committee ကို ဆက်လက်တင်ပြသွား မည်ဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။ USAID-TIGA/Nathan Associates က တာဝန်ရှိသူကလည်း ယခု ၂ ဖွဲ့အပြင် လုံလောက်မှု ရှိ၊ မရှိနှင့် RFP ထပ်ခေါ်ရန် ပြင်ဆင်သင့်ကြောင်းလည်း အကြံပြုခဲ့သည်။

စီမံကိန်းမန်နေဂျာကလည်း ရွေးချယ်ရေးကို တင်ပြပြီးမှ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း financial , technical အပေါ် အခြေခံ ခြင်း၊ ရွေးချယ်မည်ဖြစ်သဖြင့် မည်ကဲ့သို့ အနေထားရှိသည်ကို မေးမြန်းမှုအပေါ် Individual လျှောက်ထားသူအနေဖြင့် ဘတ်ဂျက်တင်ပြလာခြင်းမရှိကြောင်း၊ အဖွဲ့က တင်လာပြီး ဒေါ်လာ ၃၇,၀၀၀ လောက်ကျမည်ဟု တင်ထားကြောင်းလည်း ပြန်လည်ဆွေးနွေးခဲ့သည်။

**၆။ (၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက် MEITI Report အတွက် ToR နှင့်ပတ်သက်၍ ဆွေးနွေးခြင်း**

နည်းပညာညှိနှိုင်းရေးတာဝန်ခံက တင်ပြရာ၌ (၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက် MEITI Report အတွက် အဓိက Main Sector များ အပြင် သစ်တောကဏ္ဍလည်း ပါဝင်မည်ဖြစ်ကြောင်း၊ Scoping အပါအဝင် အဆင့် (၅) ဆင့်ရှိကြောင်း၊ ဒေတာစုဆောင်းခြင်း၊ တိုက်ဆိုင်ညှိနှိုင်း၊ ကွာဟချက်စိစစ်ခြင်း၊ နောက်ဆုံးအစီရင်ခံစာတင်ခြင်းတို့ပါဝင်ကြောင်း၊

Scoping တွင်မည်သည့်ကဏ္ဍများ လွှမ်းခြုံသည် ဆိုသည်ကို ပါဝင်မည်ဖြစ်ကြောင်း၊ ၁.၄ Oil and Gas Sector နှင့် Sale of state share အား Commodity Trading Report အတိုင်း ပါဝင်မည်ဖြစ်ကြောင်း၊ ၁.၅ သတ္တု ၊ ၁.၆ ကျောက်မျက် တို့လည်း ထို့အတိုင်း ကဏ္ဍအလိုက်ပါဝင်မည်ဖြစ်စ်ကြောင်း၊ ၁.၁၀ Discretionary Social and Env expenditures များ ၂၀၁၉ စံနှုန်းအရ ပါဝင်လာမည်ဖြစ်ကြောင်း၊ ၁.၁၂ BO သည်လည်း (၅) ကြိမ်မြောက် အစီရင်ခံစာမှာပါသည့်ကုမ္ပဏီများအား ထည့်သွင်းထားကြောင်း၊ ၁.၁၇ Project Level Reporting လည်းပါဝင်မည်ဖြစ်ကြောင်း၊

BO နှင့်ပတ်သက်၍လည်း အစီရင်ခံစာတွင် Phase 1 ၏ 1.1 အောက်တွင် BO Disclosure အတွက် Threshold ဖြတ်ရန်၊ BO Roadmap အပေါ် အခြေခံရန် IA အနေဖြင့် စဉ်းစားပေးရန်၊ Phase 2 တွင် 2.1 BO template ဖြည့်ရန်၊ Phase 3 ၌ 3.3 တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့အတွက် ၃% ၊ သတ္တုနှင့်ကျောက်မျက်အတွက် ၅% စသဖြင့် margin error များ သတ်မှတ်ထားကြောင်း၊ Reporting assignment အနေဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၁) ရက်နေ့ မတိုင်ခင်ထွက်ရမှာဖြစ်ကြောင်း၊ စာချုပ်အား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၃၁) တွင် ချုပ်ဆိုနိုင်ရန် လျာထားကြောင်း၊ Preliminary analysis အား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁၆) မှ ဖေဖော်ဝါရီလ (၁၅) ရက်အထိ လျာထားကြောင်း၊ ထို့နောက် ဒေတာကောက်ယူခြင်းပြုလုပ်မည်ဖြစ်ပြီး Draft Report အား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင်လည်းကောင်း၊ Pre-final အစီရင်ခံစာအား ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်လည်းကောင်း၊ Final Report အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၁) ရက်နေ့တွင် လည်းကောင်း စသဖြင့် နည်းပညာညှိနှိုင်းရေးတာဝန်ခံကတင်ပြခဲ့သည်။

နည်းပညာကျွမ်းကျင်သူကလည်း (၆) ကြိမ်မောက် (၇) ကြိမ်မြောက်အား extent ပြုလုပ်ပေးရန် EITI ဘုတ်အဖွဲ့ကို တင်ပြခဲ့ကြောင်း၊ သဘောတူခဲ့ပြီးဖြစ်သည့်အတွက် ဒီတစ်ကြိမ်တွင် မိမိတို့အနေဖြင့် နောက်ကျ၍ မရတော့ကြောင်းလည်း တင်ပြခဲ့သည်။

Corrective Action (၁.၃) နှင့်ပတ်သက်၍ ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းမှုအပေါ် အရပ်ဘက်ကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ကြောင်း နည်းပညာ ညှိနှိုင်းရေး တာဝန်ခံက ပြန်လည်ဆွေးနွေးခဲ့သည်။

**၇။ Quasi-fiscal expenditure (QFE) Study နှင့် Systematic Disclosure Feasibility Study တို့အတွက် Consultant ငှားရမ်းရန် ရွေးချယ်ရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆွေးနွေးခြင်း**

QFE consultant ရွေးချယ်မှုနှင့်ပတ်သက်၍ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက World Bank ၏ Policy နှင့် ယခု Nathan Associate ၏ Procurement သည် တူ၊ မတူ မေးမြန်းမှုအပေါ် ပြန်ရွေးရခြင်းအား ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အဖွဲ့ဖြစ်နေသည့် အတွက် နေသန်ဘက်က တစ်ဦးက ပါရမည်ဖြစ်ကြောင်း၊ selection committee နှင့်တစ်ခါတည်းထိုင်ရွေးလည်းရကြောင်း၊ Justification တော့ သေချာရေးရမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်လိုက်သည့်အပေါ် Justification ရေးပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း စသဖြင့် USAID-TIGA/Nathan Associate မှ တာဝန်ရှိသူက ဖြေကြားခဲ့သည်။

selection committee ကိုဖြန့်ပြီး မှတ်ချက်တောင်းသင့်ကြောင်းလည်း အရပ်ဘက်ကိုယ်စားလှယ်က အကြံပြုခဲ့သည်။ ထို့နောက် ၎င်းက MOBD အား Follow up လိုက်မည်ဆိုပါက မည်သူကို ဆက်သွယ်ရမည်၊ မည်သူက တာဝန်ခံမည်၊ EITI နှင့်ပတ်သက်ပြီး မည်သူ့ကို တာဝန်ပေးထားသည် စသဖြင့် မေးမြန်းခဲ့ရာတွင် မိမိတို့အနေဖြင့် တစ်ဦးတစ်ယောက်တည်းကို တာဝန်ပေးမထားပဲ section ကို attention ပြုလုပ်ပြီး စာရေးသား၍ ရကြောင်း၊ အီးမေးလ် ပေးပို့၍ ဆက်သွယ်၍ ရကြောင်း MOBD မှ တာဝန်ရှိသူက ဆွေးနွေးခဲ့သည်။

QFE နှင့်ပတ်သက်ပြီး မြန်ဆန်စေချင်ကြောင်း၊ အဖွဲ့ဖြစ်စေ တစ်ဦးထဲဖြစ်စေ လွတ်လပ်စွာ တွေ့ဆုံပြီး အကူအညီတောင်း၍ လုပ်လို့ရ၊ မရ နှင့် ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီနှင့်ဆိုပါက ကြာနေမှာစိုးရိမ်ကြောင်းလည်း အရပ်ဘက်ကိုယ်စားလှယ်က ထပ်လောင်း ဆွေးနွေးခဲ့သည်။

USAID-TIGA မှ တာဝန်ရှိသူကလည်း Procurement တွင်မည်သည့်ကြောင့် ရွေးချယ်ရပြီး မည်သည့်အချက်များကြောင့် ဆိုသည့် ပုံစံဖြင့် ရွေးချယ်ရကြောင်း၊ ရွေးချယ်စရာမရှိမှသာ တစ်ဦးကို ရွေးရကြောင်း၊ မှတ်တမ်းထဲတွင် ဆွေးနွေးပြီးရွေးပါက ဆက်လက်ရကြောင်း၊ အကြောင်းမရှိဘဲနှင့် ရွေးလို့မရကြောင်း၊ အကယ်၍ Firm နှင့်ပတ်သက်လာပါက မိမိတို့အဖွဲ့အနေဖြင့် ရွေးချယ်ရေးတွင် ပါဝင်ရကြောင်း၊ ရွေးလိုက်ပြီဆိုပါက Justification ပေးရန် မေးခွန်းများ ပေးပို့မည်ဖြစ်ပြီး ပြန်ဖြေရခြင်းများရှိမည်ဖြစ်ကြောင်း စသဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

စီမံကိန်းမန်နေဂျာကလည်း Score sheet ဖြင့် ပြင်ပြီးပို့ပေးမည်ဖြစ်ကြောင်း၊ ထို့နောက်မှ အဆင်မပြေရင် ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီနှင့်ညှိပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊

# နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ

## အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် (၁၈) ရက် Online

| စဉ် | ဆွေးနွေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | Project Level Definition အား ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် နောက်တစ်ကြိမ် Technical and Reporting Sub-committee အစည်းအဝေးအား ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပရန်<br>• သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအား ဖိတ်ကြားကျင်းပရန် | Technical and Reporting Sub-committee, သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ |
| ၂ | ဆွေးနွေးတင်ပြခဲ့သည့် Project Level Reporting Work Plan အား မျှဝေရန်နှင့် ၂၄-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ သဘောထားမှတ်ချက်ပြန်ကြားပေးရန် | Technical and Reporting Sub-committee, သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့ |
| ၃ | (၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက် IA ToR မူကြမ်းအပေါ် သဘောထားမှတ်ချက်များအား တစ်ပတ်အချိန်ယူ၍ ၂၅-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား သဘောထားမှတ်ချက်များ ပြန်ကြားပေးရန် | Technical and Reporting Sub-committee | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့ |
| ၄ | Validation လုပ်ငန်းစဉ်၏ Corrective Action ၁.၃ နှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသို့ ၃၀-၆-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးအား တွေ့ဆုံရှင်းလင်းတင်ပြရန်စာကို တင်ပြခဲ့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့သာ ရောက်ရှိသွားကြောင်း သိရသဖြင့် ယင်းစာကို ထပ်မံပေးပို့ဆောင်ရွက်ရန် | NCS | |

| | | | |
|---|---|---|---|
| ၅ | Contract Transparency နှင့်သက်ဆိုင်သော သမ္မတရုံးအမိန့်စာ မူကြမ်း အပေါ် သဘောထား ကွဲလွဲသည့်ကိစ္စနှင့်ပတ်သက်၍ MOBD မှ NCS သို့ တရားဝင်စာပေးပို့ အကြောင်းကြားရန် | MOBD | |
| ၆ | QFE Study Consultant ရွေးချယ်ခန့်အပ်ရေးအတွက် လျှောက်လွှာများ အပေါ် Technical and Reporting Sub-committee မှ ၂၅-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ သဘောထားမှတ်ချက်ပြန်ကြားပေးရန်<br>• ထပ်မံရွေးချယ်ရန် လိုအပ်သည်များရှိပါက သက်ဆိုင်ရာ အဖွဲ့အစည်းနှင့်ညှိနှိုင်းဆောင်ရွက်ရန် | Technical and Reporting Sub-committee, NCS | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့ |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများ (ကျား - ၁၈ ဦး၊ မ - ၁၂ ဦး၊ စုစုပေါင်း -၃၀ ဦး)

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **အစိုးရကဏ္ဍ** | | | |
| ၁ | ဦးကျော်ဇောထွန်း | AD | DOM |
| ၂ | ဒေါ်ဝင်းဝင်းကြူ | DD | OGPD |
| ၃ | ဦးရွှေဝင်း | AGM | MGE |
| **လုပ်ငန်းရှင်ကဏ္ဍ** | | | |
| ၄ | ဦးစိုးမော် | Chair | MFPTMA |
| ၅ | ဒေါ်မေသက်စုဦး | PSC & Partner Reporting Supervisor | Total E&P Myanmar |
| **အရပ်ဘက်ကဏ္ဍ** | | | |
| ၆ | ဦးရဲလင်းမြင့် | MSG | MATA |
| ၇ | ဦးထူးအောင် | PC, MSG Alternate | MATA |
| ၈ | ဦးဘုန်းပြည့်ကြွယ် | PC, MSG Alternate | MATA |
| **Departments** | | | |
| ၉ | ဦးဝင်းအောင်ညို | Director | IRD |
| ၁၀ | ဒေါ်ပန်ပပလင်း | Manager | MPE |
| ၁၁ | ဒေါ်မိမိကျော် | Manager | ME1 |
| ၁၂ | ဦးရဲမျိုးမင်း | AGM | ME2 |
| ၁၃ | ဒေါ်မြင့်မြင့်ခိုင် | မန်နေဂျာ | MOGE |
| **MOBD** | | | |
| ၁၄ | ဒေါ်ခင်ပပခိုင် | DD | MOBD |
| ၁၅ | ဒေါ်သီရိဆွေ | DD | MOBD |
| **Development Partners** | | | |
| ၁၆ | ဒေါ်တာရာမောင် | Natural Resource Governance Lead | USAID-TIGA |
| ၁၇ | ဒေါ်တင်ဇာထွန်း | Consultant | World Bank |
| ၁၈ | ဒေါ်သီသီဟန် | Consultant | World Bank |
| **မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး** | | | |
| ၁၉ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager | MEITI-NCS |
| ၂၀ | ဦးကျော်သင်းမောင် | Program Assistant | MEITI-NCS |

| | | | |
|---|---|---|---|
| ၂၁ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၂၂ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၂၃ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၂၄ | ဦးဖွဲ့စည်သူအောင် | BO Coordinator | MEITI-NCS |
| ၂၅ | ဒေါ်ထက်နန္ဒာအောင် | Senior Communication Officer | MEITI-NCS |
| ၂၆ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |
| ၂၇ | ဦးစိုးသီဟနိုင် | Admin Officer | MEITI-NCS |
| ၂၈ | ဦးတက်ထွန်းဆိုင် | Admin Assistant | MEITI-NCS |
| ၂၉ | ဦးမောင်မောင်မြင့်လွင် | IT Technician | MEITI-NCS |
| ၃၀ | ဒေါ်လှဲ့လှဲ့ဝင်းမော် | Finance Officer | MEITI-NCS |